# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်ကြော်ငြာစာအမှတ် ၃၃ / ၂၀၂၃

၁၃၈၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက် )

## နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ မြန်မာနိုင်ငံအတွင်းသို့ အကြောင်းအမျိုးမျိုးဖြင့် ဝင်/ထွက် သွားလာလျက်ရှိသော နိုင်ငံခြားသားများနှင့်ပတ်သက်၍ နိုင်ငံတော်၏လုံခြုံရေးကို ထိပါးမှုမရှိစေရေး၊ တရားဥပဒေနှင့်အညီ ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေးနှင့် စိစစ်ကြီးကြပ်နိုင်ရေးအတွက် **“နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ”** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဒုတိယဝန်ကြီးချုပ်နှင့်<br>ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ပြည်ထောင်စုဝန်ကြီး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ပြည်ထောင်စုဝန်ကြီး<br>ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဃ) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ကာကွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဈ) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်<br>ဥပဒေရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ဒုတိယဝန်ကြီး<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး<br>ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ<br>ချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | ဒုတိယရဲချုပ် (၂)<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အတွင်းရေးမှူး |

(န) ညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး (၁)
လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား
ဝန်ကြီးဌာန

(ပ) တပ်ဖွဲ့မှူး တွဲဖက်အတွင်းရေးမှူး (၂)
သတင်းရဲတပ်ဖွဲ့
မြန်မာနိုင်ငံရဲတပ်ဖွဲ့
ပြည်ထဲရေးဝန်ကြီးဌာန

၂။ နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများ ချမှတ်ခြင်း၊

(ခ) နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးလုပ်ငန်းဆိုင်ရာ မူဝါဒများကို လုပ်ငန်းကော်မတီများသို့ ညွှန်ကြားခြင်း၊

(ဃ) နိုင်ငံခြားသားများကြီးကြပ်စောင့်ရှောက်ရေးဆောင်ရွက်မှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခြင်း၊

(င) ခေတ်ကာလနှင့်ကိုက်ညီသော နိုင်ငံခြားသားများနှင့်ပတ်သက်သည့် ဥပဒေနှင့်ညွှန်ကြားချက်များကိုရေးဆွဲ၍ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ တင်ပြခြင်း၊

(စ) လုပ်ငန်းကော်မတီများ၏ ဖြစ်ပေါ်တိုးတက်မှုများကို သိရှိနိုင်ရန် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးအား ကာလသတ်မှတ်ခေါ်ယူခြင်း၊

(ဆ) နိုင်ငံတကာနှင့် ဆက်သွယ်ဆက်ဆံဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရှိ I 24/7 Channel မှ ရရှိသော သတင်းအချက်အလက်များအား အပြန်အလှန် ရယူအသုံးပြုခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၈ - ၃ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၈ / ၂၀၂၁၊ ၁၇ - ၆ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၈၆ / ၂၀၂၁ နှင့် ၂၇ - ၈ - ၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅၃ / ၂၀၂၁ တို့ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး